ရှန်ကြီးအောင်အဖို့ကား အလွန်အန္တရာယ်ကြီးသော အချိန်အခါ ဖြစ်သည်... လိမ္မာပါးနပ်ခြင်း မရှိပါက... သူ့ရန်ဘက်ဖြစ်သည့် ဆင်ရိုင်းကြီး၏ အစွယ်များတွင်... အသက်ပျောက်သွားနိုင်သည်...


ထို့နောက် လှည့်စွန့်နှင့် အနေကြာခံ
သော... ရန်ကြီးအောင်သည် ဆင်ရိုင်း
ကြီး ... ပြေးဝင်လာသည်နှင့်... ဘေးသို့
တိမ်းရှောင်ပြီး... ဆင်ရိုင်းကြီး၏ အစွယ်
နှစ်ချောင်းကို... နှာမောင်းဖြင့် ဖမ်းယူ
လိမ်ချိုးလိုက်၏... ... ...
၁၂၆
ရုန်းရနာကျင်သော ဆင်ရိုင်းကြီး အော်သံက... တောလုံးညံသွားသည်။
အမှန်က အစွယ်တစ်ချောင်းသာ ကျိုးပဲ့ပြီး... ရန်ကြီးအောင်၏
နှာမောင်းအတွင်း၌ ပါသွားခြင်း ဖြစ်၏... ... ...


ဖြောက် ...
ဆင်ရိုင်းကြီးသည် မိမိအစွယ်တစ်ချောင်း... ရန်သူ၏ ချိုးပဲ့ခြင်းကို ခံလိုက်ရသဖြင့် အလွန်ဒေါသ ထွက်သွားပြီး... ရန်ကြီးအောင်ကို... တရကြမ်းဝင်ရောက် တိုက်ခိုက်လေတော့သည်...
ဝုန်း...
၁၂၇



ကြို့ဖင်တောအုပ်တစ်ခုလုံး
ဖြောင်းဖြောင်း ထသွားတော့...
ဘုန်း
သင်ရှူးကြီးသည် ရန်ကြီးအောင်အား
ဝင်ပိုးပြီး ကျန်သည့် အစွယ်နှင့်...
ထောင်းသည်~... ~... ~...
ဖျောက်
ရန်ကြီးအောင် ကလည်း...
အနီးကပ်လာသော... သင်ရှူး
ကြီး၏ ဦးကင်းကို သူ့နှာမောင်း
တွင် ရှိသည့် စွယ်ကျိုးနှင့်
ထိုးထည့်လိုက်သည်~... ~...



ဆင်ရိုင်းကြီး... အထိနာသွားသဖြင့်... နောက်သို့ တော်တော်များများပြန် ဆုတ်သွားလေ၏...
ထိတ်လန့်တကြား... ဆုတ်ခွာသွားရသဖြင့်... နောက်တွင် နက်ရှိုင်းမတ်စောက်သော... ချောက်ကြီးတစ်ခု... ရှိနေကြောင်း... ဆင်ရိုင်းကြီး မသိချေ...
ဝုန်းကနဲ ပြိုးသွားပြီ... ဖုန်ကြီးထောင်... ဆင်ရိုင် မချော တောင်ချိုင့်သွားသည်...


ခဏကြာတော့ စမ်းချောင်းထဲဆင်းပြီး ရေချိုးမိသည်.. အနားယူသည်... ...
ထိုညက လသာသာမှာ... စမ်းချောင်းဘေး သဲသောင်ပြင်တွင်ပင်... သူအိပ်စက်သည်.. လူတို့လက်မှ လွတ်မြောက်ပြီးနောက်.. တောတောင်ထဲတွင်... ပထမဆုံးအကြိမ် လွပ်ခွင့်ရခြင်း ဖြစ်၏... ...





လရောင်ကြောင့်... စမ်းချောင်းလေး ပတ်ဝန်းကျင် တစ်ခုလုံးမှာ...သာယာ လှပနေသည်... သူသည် တောတောင် တို့၏ သဘာဝဂီတသံကို နားထောင် ရင်း... သူ့သခင်ကို သတိရလာသည်...
သူသည် သူ့သခင်ကို အလွန်ချစ်သည်... ...
ရှန်ကြီးအောင် ကြီး ဟောင်နေပြီ... ... ဟောင်... ဟောင်...
သခင်ကလည်း... သူ့ကို အလွန် ချစ်သည်... အမှန်က... သူသည် သူ့သခင်မှ လွဲလျှင် မည်သည့် လူသားကိုမှ မချစ်ပေ... ...


ထို့ကြောင့်လည်း ဖေးမိကို့
သူသတ်ခဲ့ခြင်း ဖြစ်သည်... ...
သခင်၏ ဖျက်ဆီးသော မရှိလျှင်
လူတွေကို အကျွန်အဖြစ်
သတ်မိမည်လား မပြောတတ်..
အဖြစ်တော့... လူတွေကို မုန်းသည်
ကြောင်သည် သူ့အား ငယ်စဉ်က
ဖင်... ရိုက်ခဲ့သည်... ထိုစဉ်က
သူသည် အမိနောက်လိုက်...
ဆင်ပေါက်စကလေး.... ...
သူတို့ ဆင်အုပ်ထဲတွင် သူနှင့်
ကစားဖော် ကစားဖက်...
ဆင်မလေး တစ်ကောင် ရှိသည်..
ဆင်မကလေးက... လှသည်
ဝသည်... ပြီးတော့... အဖြူ....



ဆင်ဖြူကို လူတို့ တန်ဖိုးထားသလို...
ဆင်အုပ်ကလည်း တန်ဖိုးထားသည်...
သူ့ကို ဂရုတစိုက်... ထိန်းသိမ်းစောင့်
ရှောက်ကြသည်... ... ...
လျှိုများ ချောက်ကမ်းပါးများကို ကျော်လွှား
ရသည့် အခါမျိုးတွင်... ဆင်အုပ်ခေါင်းဆောင်
ဟိုင်းဆင်ကြီးကိုယ်တိုင်... သူ့ကို နှာမောင်း
ဖြင့် ပွေ့ချီသွားလေ့ရှိသည်... ...
၁၃၃
အမှန်က ဟိုင်းဆင် ခေါင်းဆောင်သော ဆင်အုပ်တွင် ရွယ်တူ
ဆင်များ အဆွင့်အရေး မရှိပေ... ရွယ်တူဆင်များကို... ယောင်ယပ်
ကပင်... ဖြင်းဖြင်းထန်ထန် ဆုံးမထားသဖြင့်... အရွယ်ရောက်
လာသည့်တိုင် မလွန်ပါသာ... ... ... ...


အချို့ ဖိုင်းဆင် ခေါင်းဆောင်များသည်... ဆင်မများ... ငယ်ထီးမွေး
လျှင်.. ယောင်ယောင်ကာပင် နှင်းမြေ သတ်ပစ်ကြသည်.... အဘယ်
ကြောင့်ဆိုသော်... ငယ်ထီးများ အရွယ်ရောက်လာလျှင်.. ခေါင်းဆောင်
နေရာကို · လုယူ တတ်သောကြောင့် ဖြစ်၏... ... ...
သူတို့ ဆင်အုပ်ခေါင်းဆောင် ဖိုင်းဆင်
ကြီးသည်လည်း... ငယ်ထီးများကို မျက်နှာ
သာ...ပေးလေ့မရှိ... သို့သော် သူ့ရှေ့တော့
ဆင်ဖြူမလေးနှင့် ကစားဖော် ကစား
ဘက် အဖြစ်... အခွင့်အရေးပေးထား
သည်... ... ... ...


သူနှင့် မိဖြူ တို့ ကစားနေကြပြီ ဆိုလျှင်
ထိုနေရာကို... ဆင်အုပ်ကြီးက...
ငြိမ်း၍ စောင့်ကြည့်နေလေ့ရှိသည်...
ပြီးတော့ သူကိုလည်း ခေါင်းဆောင်
ဆင်ကြီးကိုယ်တိုင်က... မိဖြူနည်းတူ
ဂရုစိုက်သည်...
ယခုအခါတော့ ဆင်အုပ်ထဲတွင် ဆင်ဖြူ
တစ်ကောင် ရှိနေခြင်းသည် အလွန်
အန္တရာယ်ကြီးလှသည်... အဘယ်
ကြောင့် ဆိုသော် ဆင်ဖြူကို အလို
ရှိသော ဆင်မုဆိုးတို့... ဆင်အုပ်နောက်
သို့... မျက်ခြေမပြတ် လိုက်နေတတ်
သောကြောင့် ဖြစ်၏...


ထို့ကြောင့် သူတို့ ဆင်အုပ်သည် နေ့စဉ်
နေ့တိုင်း... မြိုင်ပေါင်းများစွာ... ခရီးလှည့်လည်
နေရပေသည်... သို့တိုင် လူမုဆိုးတို့ ရန်မှ...
ကင်းသည်တော့ မဟုတ်ချေ... မည်သို့ဆိုစေ
ခေါင်းဆောင် ဖိုင်းဆင်ကြီးသည် အလွန်
လိမ္မာပါးနပ်သည် ဖြစ်ရာ... သူတို့ အရွယ်
ရောက်သည်အထိ အန္တရာယ် မရှိခဲ့ချေ...
ယခုအခါ မိဖြူသည် အလွန်လှပ
ပြီး... အပျိုကြီး ဖားဖား ဖြစ်နေပြီ...
သူသည်လည်း အရွယ် တစ်တွာ
သာသာ ရှိနေပြီ ဖြစ်သော လူပျို
ပေါက်စ... ... ...


သူသည် မိဖြူကို အလွန်ချစ်သကဲ့သို့ မိဖြူ
ကလည်း သူ့ကို ချစ်သည်... အခြားဆင်ပေါက်
များကလည်း... မိဖြူကို မျက်စိကျနေကြ၏...
သို့သော် မိဖြူသည် မည်သည့်ဆင်ပေါက်
ကိုမျှ... သူ့အနားသို့ အကပ်မခံ... ...
ရန်ကြီးချောင်းနှင့်အတူ သွားအတူ
လာအတူ ကစားအတူ ဖြစ်ခဲ့
ချောင်းထဲဆင်းပြီး ကစားသည့်
အခါမှာလည်း... တွယ်ယှဉ်ခဲ့... ...



ညီတော် တစ်နေ့တွင် သူတို့
အိမ်တောင် ရှိရာသို့ ကံဆိုးမှု
ကြုံလာသည်... ထိုနေ့က... သူတို့
ဆင်အုပ်သည်... ခရီးမိုင်ပေါင်း
များစွာသွားပြီး စားကျက်သစ်
တစ်ခုသို့ အရောက်...
ဆင်အုပ်သည် ခရီးပန်းလေသည်၊ ယုန်း
ဝမ်းဆာလေသည်၊ သာယောင်သည်ဖြင့်
သစ်ရွက် ဝါးရွက်များကို အလု
အယက် စားသောက်နေကြလေ၏


ရုတ်တရက် ပေါ်လာသော
ဖော်ငီးဝေါင် ဆင်ကြီးမှာ...
ဖောက်သံကြောင့်... အစာစား
နေသော... ဆင်အုပ်သည်
တစ်ခဏအတွင်း... ရုတ်ရုတ်
သဲသဲ... ဖြစ်သွားကြလေ...
ဟုတ်ပါသည်... ရှေ့သို့... ကျွန်ုပ်တို့ ဆင်မ
တစ်ကောင်နှင့်... ဗိုလ်ပို့ အိမ်ဆင်တစ်ကောင်
သည်တို့ ဆင်အုပ်ထဲ အတင်းပြေးဝင်လာသည်.


ဆင်တွေပေါ်မှာက..လူမှုဆိုး
တွေ...တက်စီးလျှင် ဦးစီး
ပဲ့စီး နှစ်ယောက်စီ... ...
သင်းတို့ ယောက်ထဲမှာတော့...
ဆင်ဖမ်းကြိုးကွင်းတွေ... ဓါး
လှံ... သေနတ် လက်နက်တွေနှင့်...
ရုတ်တရက် ရန်သူနှင့် ရင်ဆိုင်ရသည့်
ဆင်အုပ်ကြီးသည်... ကစဉ့်ကလျား...ခြေဦး
တည့်ရာ ထွက်ပြေးကြရတော့သည်...


ဟာဝှိုင်း ဖာတွေ့သွား ဒါတွေ့လာ...
မိဖြူနှင့်... သူသည်လည်း... သည်
တစ်ခါတော့ ကွဲကွာသွားကြတော့၏...
ဒိုင်း
ဒိုင်း
ဆင်ဖမ်းသမားများသည် တောနက်များကိုပါ
ပတ်မြောက် လိုက်လာကြသဖြင့်လည်း...ဆင်အုပ်
မှာ ပြိုပြီး ကစဉ့်ကလျား ဖြစ်သွားသည်...
မိဖြူတစ်ကောင်လည်း... ဘယ်ရောက်သွားမှန်း
မသိ...


အတန်ကြာမှ... ဆင်ဖမ်းသမားများ၏ အိမ်ခံဆင် နှစ်ကောင် မိပြု နောက်သို့ တရကြမ်း လိုက်နေသည်ကို သူတွေ့လိုက် ရ၏... မိပြု အပြေးသန်သည်...
သို့သော် အိမ်ခံဆင်များက အထူး လေ့ကျင့်ထားသည်... ကျွမ်းကျင်များ ဖြစ်သဖြင့်... အလိုက်ကောင်းသည်...


မကြာမီပင် မိဖြူ၏ ထိတ်လန့်
တကြား...အော်ဟစ်သံကို ဆင်အုပ်
ကြီး တစ်ခုလုံး ကြားလိုက်ကြရသည်။
မိဖြူ၏ လည်ပင်းကို
ဆင်ဖမ်းသမားများ၏
ကြိုးကွင်း စွပ်မိသွားပါပြီ...
မိဖြူက အပြေးသန်သလို အားလည်း အလွန်
ကောင်းသည်... ဆင်ဖမ်းသမားများ မိဖြူ
ရုန်းကန်ရာနောက်သို့ ပါသွားကြသည်...




မိဖြူ... ဆင်အုပ်ကြီး၏ အရှေ့
အညီတောင်းသည်... ခေါင်းဆောင်
ဆင်ကြီးနှင့် ဆင်ပေါက်ဘွဲ့ကောင်
ပြေးဝင်လာကြ၏...
ဒိုင်း
ဒိုင်း
ဆင်ဖမ်းသမားများက သူတို့ကို
သေနတ်နှင့် ဆီးဖမ်းလေသည်...


သို့သော် ဟိုင်းဆင်ကြီးသည် ဘာကိုမှ
သတိမထားမိဘဲ.. မိဖြူကို ဝင်လွှဲသည်...
ဆင်ပေါက် သုံးကောင်ကလေးသည်
ကျွန်ရှိများကို ဝင်ရောက်တိုက်ခိုက်
ကြတော့၏...



တိုက်ပွဲကား အရှိန်ပြင်းထန်ပြီး... ကြောက်မက်ဖွယ်ကောင်းသည်...
ဆင်ဦးသမားများကလည်း အနား ကပ်လာသော တောဆင်ရိုင်းများကို... ဓား လှံ လက်နက်များဖြင့်.. တိုက်ခိုက်ကြလေ...
ဖန်ဒါကြီးရေ မရောဘူးဗျ... ငြိမ်ဖူးနဲ့ချည်း ပတ်နေလို့ မဖြစ်ဘူး... ယခမ်းနဲ့ ပတ်ပါ...


ဆင်ဖမ်းအဖွဲ့သည် တောဆင်ရိုင်းများကို… သေနတ်ထဲကျည်ထည့်ပြီး…ကြိမ်ဖူးများ ကပ်ခံ၍ ပစ်ခတ်ကြရသည်မှာ… …
ယခုအခါ တောဆင်ရိုင်းများသည် သူတို့၏ ဆင်ဖြူမလေးကို… တရကြမ်း ဝင်ရောက်လုယူနေရာ… ဆင်ဖမ်းသမားများ အသက်တွေ့နေရလေသည်… …
၁၄၇


ထိုအချိန်တွင် သူလည်း မိဖြူ ရှိရာသို့ ပြေးသွားပြီး ဆင်ဖမ်း သမားများကို... ဝင်ရောက် တိုက်ခိုက်တော့၏...
တစ်ကော တစ်ကောင်လုံး အရှိန်းအရှိန်း ကျွက်ကျွက်... ပွက်လော ထသွားတော့၏ ဆင်ဖမ်းသမားများ၏ အော်ဟစ်ကြွေး ကြော်သံများကလည်း... ဘာဝဂ်ညံနေသ
မောသဦး ဆင်ပေါက်ကလေး ကိုပါ ဖမ်းလော့...


ဖြိုး — —
မကြာမီ ကြိုးကွင်းတစ်ခု ဝေ့ဝဲပျံဝဲ
လာပြီး... သူ့ခေါင်းပေါ်သို့ ကျလာသည်...
သူက ကြိုးကွင်းကို လည်ပြင်းအရှုပ်မခံဘဲ.. နှာမောင်းဖြင့် ဖမ်းယူလိုက်၏...
ပြီးတော့ အချိန်နှင့် ဆွဲဖြေးသွားသည်.. ကွန်ဂိုပေါ်မှ ကြိုးကွင်းပစ်သမား
အချိန်လွန်ပြီး ဒေါက်သို့ ကျွမ်းထိုး ကျလာသည်... ... ...


သူ့ ရန်သူ ဆိုသည့် ပြေးသွားလိုက်ကြ၏
သို့သော် သူ့ ရန်သူသည် မရောက်မီ...
ဆင်ပေါက်ကြီးတစ်ကောင်က ရန်သူကို
နင်းခြေ သတ်လိုက်၏... ...


ဒိုင်း...
ဆင်ပေါက်ကြီးလည်း...
သေနတ် ကျည် ထိပြီး
ထိုနေရာတွင် တုံးခနဲ
လဲကျသွားသည်... ...


ထိုအချိန်မှ စပြီး တိုက်ပွဲမှာ ပို
ပြင်းထန်လာသည်... တစ်ဘက်နှင့်...
တစ်ဘက် အပြိုင်အနယ်...
တိုက်ခိုက်ကြတော့၏...
ကျွမ်း
နှစ်ဘက်စလုံးမှာလည်း...
အနာတရတွေ ကိုယ်စီ
ရလာကြပြီ...


ဖန်တီကြီး ရေ...
ဒီကောင် တွေကို ကြည့်
ရတာ...ဆင် ဖြူမလေးကို
ဖြန့် မရမချင်း အသေခံ
တိုက်မယ့်ပုံမျိုး...
ပစ်ကြကွာ...
မတတ်နိုင်ဘူး...
ဟာရွေအနေ ဗိုလ်ဆိုး ဘွားဘာညီက...
အဲဒီဆင် နှစ်ကောင် နောက်ထပ်
ပေါ်ကိုချလာခြင်းပင် ...
၁၅၂


ဒိုင်း
ဒိုင်း
ဒိုင်း
နောက်ဝင်လာသော အဖွဲ့က ပိုကြမ်းသည်… ဆင်ပေါ် လိုက်လာသူတိုင်း သေနတ်တွေ ကိုင်ဆောင် ထားကြသည်…


နောက်ထပ် ဆင်ပေါက်ကြီး
တစ်ကောင် လဲကျသွားပြန်ပါ၏..
ဖြောင်း...
မတတ်နိုင်တော့ချေ... ရန်သူများကို အရှုံး
ပေးပြီး ထွက်ပြေးလာကြရတော့၏...
မိဖြူလော့.... ရန်သူများနောက်
သို့...ပါသွားလေပြီ... သူ့ကို
ကွန်ကီနှစ်ကောင်က... ဘေး
တစ်ဘက် တစ်ချက်တွင်ရှိပြီ...






တောဆင်ရိုင်းအုပ်သည် ဆင်ပေါက်ကြီး
နှစ်ကောင် ကျဆုံးပြီး... ဆင်ဖြူမလေး အဖမ်း
ခံရခြင်းအတွက် လူများကို နာကြည်းလျက်
ရှိသည်~... ~...





ခေါင်းဆောင်...ဖိုင်းဆင်ကြီးသည် သူ၏
ဆင်အုပ်ကို ပြန်လည် စုစည်းမိပြီး
သည်နှင့်... ဆင်ဖြူမလေးကို ပြန်လည်
လုယူရန်... ရန်သူကို တောနင်းရှာဖွေ
တော့သည်~... ~... ~...



သူသည် တစ်နေ့လုံးလုံး ရှင်သူကို ရှာဖွေခဲ့သော်လည်း... ရှင်သူများ၏ အရိပ်အယောင်ကို မတွေ့ရချေ...
ထို့နောက် ဆင်ဖြူပေါက်ရသည့် သူပြန်ရောက်ပြီး ညဉ့်ပိုင်းမှု တောင်ကျွန်းတစ်ခု ပေါ်တွင်... ရပ်နေရင်း... ရှင်သူ၏ အနံ့အသက်ကို သူ ခံစားလိုက်ရသည်... မီးခိုးနံ့
တုတ်ခိုင်ကြီးမားသော သူ၏ နှာမောင်းကြီးကို... လေထဲတွင် ဝှေ့ယမ်းရင်း လူတို့ ချက်ပြုတ် စားသောက်နေသော မီးခိုးနံ့ကို... သူ ခံစားလိုက်ရ၏...
၁၅၆


ဝူး...
ပေါင်းခေါင်ဆင်ကြီးသည် သူ၏ ကျယ်လောင် သော အသံဖြင့်... ဆင်အုပ်ကို တပ်လှန့်လိုက်၏... ထို့နောက် သူကိုယ်တိုင် ရှေ့မှ ဦးဆောင်ပြီး လှိုဏ်တခု အတွင်းသို့ ဆင်းသက်သွားလေသည်...
ဆင်အုပ်သည် ပေါင်းခေါင် ဆင်ကြီး နောက်သို့... တန်းစီပြီး ငြိမ်သက်စွာ လိုက်ပါသွားကြ၏... ... ...



ဆင်များသည် အကောင်ကြီးသော်လည်း
ခြေသံ အလွန်နည်းသော သတ္တဝါများ ဖြစ်ကြ၏။
မြိုင်ပေါင်းများမှ ကွာဝေးသောခရီးကိုလည်း
အလွယ်တကူ သွားနိုင်ကြ၏။...
ထို့ကြောင့်... ညသန်းခေါင်ချိန် မတိုင်မီပင် ဆင်ဖမ်းသမားများ၏... စခန်းအနီးသို့
ချဉ်းကပ်သွားမိကြသည်... ဆင်ဖမ်းအဖွဲ့ကလည်း အတွေ့အကြုံ ကြွယ်ဝသော...
မုဆိုးအဖွဲ့ ဖြစ်၏။...
တောဆင်ရိုင်းများသည် သူတို့
ရှိရာသို့... အချိန်မရွေး ရောက်
လာပြီး... ဆင်ဖြူမလေးကို
ပြန်လည် လုယူသွားမည်ကို
သိထားကြ၏။...


ကြောင့်... ဆင်ဖြူမလေး၏ လုံခြုံရေးကိစ္စ... ထူးဂရုစိုက်၍ စောင့်ရှောက်ထားကြ၏...
သူတို့သည်ညဥ့် စခန်းပတ်လည်တွင် မီးဖိုကြီးများ ဖိုထားကြ၏... ...
ဆင်ဖြူမလေးအနီးတွင် စွယ်ပါဖွဲ့ ဆင်ကြီး သုံးကောင်နှင့်... ကျွန်ုပ် တစ်ကောင်ကျိုးပြီး... အစောင့် အရှောက် ချထားသည်... ...
၁၃၉


လက်နက်ကိုင် ကင်းသမားများ ကလည်း... အလှည့်ကျစောင့် ကြပ်နေကြ၏...
ညဉ့်တိုင် တောဆင်ရိုင်းအုပ်ကြီး တစ်ခုလုံး စခန်းအတွင်း ဝင်ရောက်လာသည်ကိုမူ ကင်းသမား မသိလိုက်ချေ...
သတိပြုမိတော့... ဆင်ရိုင်းအုပ်သည် စခန်းရှိ လှည်းနေတဲများကို ဝင်ရောက် ဖျက်ဆီး နေလေပြီ...



ဝုန်း
ဗြုန်း
ကင်းသမားသည် စခန်းရှိ လူများကို သံချောင်းခေါက်ပြီး...အချက်ပေးလိုက်၏...
ဒိုင်း
ပြီးတော့ တောဆင်ရိုင်းများကို...သေနတ်ဖြင့် လှမ်းပစ်သည်...


မည်သို့ဆိုစေ အလျှံဒေါသထွက်
နေသော... တောဆင်ရိုင်းအုပ်သည်
တစ်ခဏအတွင်း... တဲငါးလုံးကို
ဖျက်ဆီးပြီး လူသုံးယောက်ကို
နင်းခြေ သတ်ဖြတ်လိုက်ကြ၏...


ဆင်ဖမ်းအဖွဲ့သည် အငိုက်မိသွား သဖြင့် တော်တော်လေး အထိနာ သွားသည်...
သို့နှင့် မကြာမီ အချိန်အတွင်း... တောဆင်ရိုင်းအုပ်နှင့် ဆင်ဖမ်း အဖွဲ့သည် တစ်ဘက်နှင့်... တစ်ဘက် သဲသဲမဲမဲ တိုက်ခိုက် ကြတော့၏...


အော်သံဟစ်သံ ပြေးလွှား
သံများ တစ်ဝေါဝေါလဲ
တစ်ဝေါဝေါလဲ့ ဆူညံလျက်
သည်... ~... ~...
နောက်လိုက် ဆင်အုပ်သည်
လူနေ တဲအိမ်များကို ဝင်ရောက်
ဖျက်ဆီး နေသကဲ့သို့... ~...
ခေါင်းဆောင် ဖိုင်းဆင်ကြီးနှင့်...
၎င်းရဲ့ ဆင်ပေါက်များက...ဆင်ဖြူ
မလေး လွတ်မြောက်ရေးအတွက်
ဝင်ရောက် တိုက်ခိုက်ကြသည်...



အခြေအနေမှာ အရှမ်းကို ရှုပ်ထွေးသွားပြီး ဆင်ဖမ်းစခန်း တစ်ခုလုံး... ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်... ... ...
ဆင်ဖြူမလေးနောက်သို့ လှံလေးနှစ်စင်းမျှ... အချိန်ကျွန် လှုယ်နှိုး လိုက်သော ရဲဘော..ဆင်ဖမ်း အဖွဲ့ကလည်း... ဆင်ဖြူမလေး ပြန်ပါမသွား အောင်... ချုံကာကွယ်ကြသည်... ...
၁၆၅
ဓါင်းခေါင် ဆင်ကြီးကို ပစ်ပေ့ ဗိုကောင်ကြီး မသေ မချင်း... အချိုင်းကောင်တွေ နောက်ပြန် သွတ်မှာ မဟုတ်ဘူး...


ဒိုင်း....
ဒိုင်း....
တိုက်ပွဲမှာ အရှိန် အမြင့်ဆုံး ဖြစ်
သွားသည်.....ဆင်ရိုင်းများသည်
အိမ်မခံဝင် ကျွန်ဂျီများကျိုပါ.... ...
ဝင်ရောက် တိုက်ခိုက်ကြတော့၏
ဝေါင်း....


မကြာခင် အချိန်မှာတော့...
ပွက်ပွက်ညံ နေသော
တောတောင်သည် ပြန်၍
ငြိမ်သက် သွားတော့၏...
ခေါင်းဆောင် ဆင်ကြီး ကျသွား
သဖြင့် တောဆင်အုပ်သည်
နောက်ပြန် ဆုတ်သွားကြသည်...
ခေါင်းဆောင် ဖိုင်းဆင်ကြီးနှင့်
အဘွားဆင်မ တစ်ကောင်နှင့်...
ဆင်ပေါက်စ နှစ်ကောင်လည်း
သေဆုံး ကျန်ရစ်ခဲ့သည်...


သောဘုံးကျွန်းရှိခဲ့သည့်
သင်မကြီးကား ရှန်ကြီးခေါင်
၏... မိခင် ဖြစ်သည်—... —...
ရှန်ကြီးခေါင်သည် ချစ်သူ
နှင့် ကွဲကွာပြီး မိခင်ပါ
ဆုံးရှုံးလိုက်ရသဖြင့်... လူများ
ကို အချမ်းစိတ်နာသွား၏...
သူတို့ ဆင်အုပ်တွင်လည်း
ခေါင်းဆောင် မရှိတော့သဖြင့်...
အသီးတိုင်းလို စည်းစည်းလုံးလုံး
မရှိတော့—... —... —
ဆင်အုပ်တွင် အင်အား
လျော့ပါးသွားသည်နှင့်...
တောခွေးများကပါ ထိပါး
လာသည်—... —


တောကောင်ဝံတွင်... တောခွေး
များသည် အလွန်ကြောက်စရာ
ကောင်းသော ရှိဘူဟာစ်မျိုး
ဖြစ်ပါ၏...
တောခွေးများသည် အကောင်
တစ်ရာကျော်ခန့် အုပ်ဖွဲ့နေတတ်
ပြီး... အလွန်လည်း ကောက်ကျစ်
ပါးနပ်ကြသည်...
ရိုးကျားကြီးနှင့်... တောဆင်ရိုင်း
များပင်... တောခွေးများကို...
သတိထားနေကြရ၏...


တောခွေးများသည်...တော
ဆင်ရိုင်းအုပ်ကို တွေ့လျှင်
အုပ်ကွဲသွားအောင် အတင်း
ဝင်ခွဲကြ၏...
ပြီးတော့ ဆင်ကြီး တစ်ကောင်ကောင်အပေါ်
ခုန်တက်ပြီး ထိုဆင်၏ မျက်စိထဲ သေးပန်း
ထည့်ကြသည်...
တောခွေး၏ ကျင်ငယ်ရည်များ
မျက်စိထဲ ဝင်သွားသည်နှင့်...
ထိုဆင်သည် မျက်စိကန်းသလို
မမြင်မစမ်း ဖြစ်သွားလေသည်...


ကတော့ ထိုဆင်သည် သင်းကွဲပြီး
ရစ်ခဲ့တော့၏...
သည်မှာတင် တောခွေးအုပ် သည်... ဆင်ကြီးကို ပိုင်းဝန်း တိုက်ခိုက်ကာ အမဲဖျက်တော့ သည်...
နောက်ဆုံး ဆင်ကြီး တစ်ကောင်လုံး... အသားစ မကျန် အောင် စားပစ်ကြ၏...
၁၇၁


ထိုအခြေအနေမျိုးတွင်... ခေါင်းဆောင်မဲ့နေသော... ဆင်အုပ်အဖွဲ့... အလွန်အန္တရာယ်ကြီးလေသည်...
သူတို့ ဆင်အုပ်ထဲတွင်... ဆင်မများသာ ကျန်ရှိတော့သဖြင့်...ရန်ကြီးအောင်သည် မလွှဲမရှောင်သာ ခေါင်းဆောင်လုပ်ရတော့သည်...
ဒါ့ပေမယ့် ဆင်အုပ်တစ်အုပ်ကို ခေါင်းဆောင်နိုင်သည့် အရည်အချင်းကား... သူ့မှာ မရှိသေး...
ထို့ကြောင့် မကြာမီ အချိန်အတွင်း သူ၏ ဆင်အုပ်သည် လူတို့၏ ထောင်ချောက်ကျုံးတွင် မိသွားလေတော့သည်...


သည်လို အဖြစ်ဆိုးမျိုး ဖြစ်လာလိမ့် မည်ဟု... သူ လုံးဝ မမျှော်လင့်မထား...
ယခုသော် သူနှင့်အတူ ဆင်မ ငါးကောင်သည် အရွှန်းမြင့်မား ပြီး... ခိုင်ခံ့သည့် သစ်လုံး တောင်ချောက် ,တစ်ခု အတွင်း.. ဝင်မိလျက်သား ဖြစ်နေသည်...
ဝုန်း...
သူတို့ တောင်ချောက်အတွင်း သို့... ရောက်သည်နှင့်... မိုးချုန်း သံလို အသံမျိုး ကြားရပြီး ကျုံးတံခါးကြီး ပိတ်သွားလေ သည်။...
ဝုန်း


ထိုအချိန်ကျမှပင်... သူအလွန်
မုန်းသော... လူတို့၏ထောင်ချောက်
အတွင်း... သက်ဆင်းမိသည်ကို...
သူ သတိပြုမိတော့၏...
ဒုန်း
ဒုန်း
သူသည် အရူးဒေါသ ဖြစ်သွားပြီး...
ကျုံးတိုင်များကို ပြေးဆောင့်တော့သည်
ဆင်မများကမူ... ထိတ်လန့်
တကြား... ဝရုန်းသုန်းကား
လှည့်ပတ်ပြေးနေကြ
သည်...




ဟေး... ဟေး
ဟေး
ယှေ့ကွာမှ ကျုံးတိုင်များတွင် ကညစ်ဆီမီးတိုင်များ ထွန်းညှိပြီး... အောင်ပွဲ ခံနေကြပါ၏... ။...
မကြာမီပင် သူတို့ဆီသို့ ကြိုးကွင်းများကို ပစ်ချကြသည်... ဆင်မများသည် ဝရုန်းသုန်းကား ပြေးနေသဖြင့်... လူတို့ပစ်ချသော ကြိုးကွင်းများကို နင်းမိသွားကြ၏...
၁၇၇



ညဦးပိုင်း မကြာမီ အချိန် အတွင်း... ဆင်မ ငါးကောင်စလုံး၏ ခြေထောက်များတွင် ကြိုးကွင်းများ စွပ်မိသွားကြပါ... ... ...
ဘွမ်ဟော... ဘွမ်...
ဟော့ကောင်... ရဲကျော်... ဇော်ဝင်းအောင် သင်ပေါက်ကြီးဆီ... ... ကြိုးကွင်း ချပေးလိုက်လေ...
မရဘူးဗျ... ဒီကောင် က... ပါးတယ်... ကြိုးကွင်း ဖမ်းလိုက်တာနဲ့... နှာမောင်း နဲ့ လှမ်းဆွဲထားတယ်...
ဒါဆို ယကြိုင် ရဲဖအောင် မီးကွင်း တွေ ပစ်ချကြွ...


လူတွေကား တော်တော်ရက်စက်ပါသည်... သံကွင်းတွေ သံချောင်းတွေကို မီးဖုတ်ပြီး ရှိန်ကြီးအောင် ဆီ ပစ်ပေးသည်...
ရှိန်ကြီးအောင်က ကြိုးကွင်း မှတ်ပြီး... နှာမောင်းနှင့် ဖမ်း ယူလေတော့... ပူပြင်းလောင် မြိုက်သည့် ဒဏ်ကို ခံစား လိုက်ရသည်...
ရှိန်ကြီးအောင် နှာချင် လှန်းသဖြင့်... သံကွင်း အောက်မိသွားတော့...



ရှုံ့ကြီးဖောင်း ပို၍လည်း ဒေါသ ဖြစ်သွားသည်။... သို့နှင့် သူသည် ကျုံးတိုင်များ ...ကျုံးတံခါးများကို စိတ်ရှိလက်ရှိ... အားနှင့် ဆောင့်၍ ဖွင့်တော့၏...
ဝုန်း
ဆင်မများလည်း ကြိုးကွင်းမှ လွတ်မြောက်အောင်... ရုန်းကန်နေကြလေ၏... ပတ်ဝန်းကျင် တစ်ခုလုံးသိမ့်သိမ့် တုန်နေလေတော့၏...


ရှိုက်ကြီးအောင် ကစ်ကြိုးပဲ့လျှင်
လည်း... ထိုမှတ် ဒဏ်ရာများ
ရသွားလေရာ... နောက်ခံ့တွင်
လူတို့ ခေါ်ဆောင်ရာနောက်
သို့... ရုန်းကန် လှုပ်ရှားရင်း
ပါသွားရလေသည်။... ~...
နောက်ခံ့ အခင်းကား... မြိုင်းစင်အတွင်း...
ဝင်ရောက်နေရပြီ... လူတို့ စေခိုင်း သင်ကြား
သည်များကို... မှတ်သားသင်ယူရလေတော့သည်...
၁၇၉
သည်မှနေ့ရာတွင်လည်း သူသည်
လူတို့၏ ပြင်းပြင်းထန်ထန်
နှိပ်စက် ညှဉ်းပန်းခြင်းကို ခံခဲ့
ရ၏ ~... ~... ~...


ဆင်ဖမ်းသူများသည်...ကျွန်ုပ်
သခင်၏ နာမည်ကို ဖမ်းမိ
သော... ပေါင်းတောင်ဆင်ကို
ပေးလေ့ရှိရာ... ထိုအချိန်မှ
စ၍ သူ့နာမည်သည်
ရန်ကြီးအောင် ဟူ၍ဖြစ်
သွားလေသည်။...
သို့သော် ရန်ကြီးအောင်သည်
ဆင်လိမ္မာကား မဟုတ်...ဆင်ဆိုး
တရိုင်းဝင် ဖြစ်သည်။...
ထို့ကြောင့် သူသည် ဘယ်ပါအရပ်သို့
သွားသွား... ထူးတနိုးလနိုးနှင့် သွားလာ
နေရလေသည်... လည်ပင်းတွင်လည်း...
သံခလောက် တစ်ခုကို ဆွဲထားပေးကြ၏...


သူ့နာမည် ရှန်ကြီးအောင် ဆိုသော် လည်း... ယခုအခါတွင်... သူသည် ရှုံးနိမ့်သူ ဖြစ်နေ၏... ဘာဖြစ်မှ တစ်ခုမှ မကျူးလွန်ရဘဲ သင်ခိုး ဖြစ်နေသည်...
ရှန်ကြီးအောင်တွင် သင်ခိုး၏ လက္ခဏာများ ရှိသည်ဆို၍... ဦးစီးများ လည်း ခဏခဏပြောင်း ကြ၏...
ရှန်ကြီးအောင်... ပေါင်ချော်... ပေါင်...ပေါင်...
နောက်တော့ ဥဇော်ချောင်း ရွာသူကြီးဦးခံပွားက... ရှန်ကြီးအောင်ကို ဝယ်ယူ သွားသည်...


ရှိန်ကြီးအောင် စိတ်ထဲ
တစ်မျိုး ဖြစ်သွားသည်...
သူကြီး ခေါ်လာသော ဦးစိုး
က...ခပ်ငယ်ငယ်... အကြားဦးစိုး
များလို့... ရုပ်ကြမ်းလူကြမ်း
ပုံမျိုး မဟုတ်ပါလ... လ...
ဖြိုးတော့ သူ့အသံကလည်း ချိုသာသည်...
ရှိန်ကြီးအောင် ဟောင်နော်... ဟောင်...
ရှိန်ကြီးအောင် နားရွက်ခတ်လိုက်
သည်... နှာမောင်း မြှောက်လိုက်သည်...
ဖြိုးတော့ ပြန်ပြီး အသံပြုလိုက်
သည်... လ... လ


ရှိကြီးဒေါင်း၏ အပြုအမူကို မြင်တော့ မူလည်ပြီးချင် ကျူးကျော်ဦးရှိနေဒေါင်းပင်
အံ့အားသင့်သွား၏... ဒါတွင်းဆို ဒီကောင်သည် ဆင်ဆိုးစရိုက် လက္ခဏာများကို
တစ်စွန်းမပျောက် တစ်စွန်း ပြမူနေတတ်၏...
မောင်းတောင် ချိုးကျူးခြင်း...
စကောပိုင်းခြင်း... သူကောင်
မြှုပ်ခြင်း စသည့် ဆင်ဆိုး
စရိုက် လက္ခဏာများကို
တစ်စွန်းစွန်း ပြမူနေတတ်၏...
ဆင်များတွင်... ဆင်ဆိုး ဖြစ်နိုင်သည့်
လက္ခဏာများ ရှိကြရာ... ဦးစီးမျှော်သည်
ထိုဆင်မျိုးကို အမြဲသတိထားနေရလေသည်...


ရန်ကြီးအောင်သည် နှာမောင်း
ကို...ဘယ်ညာ...ဝှေ့ယမ်းနေ
တတ်၏ ထိုစရိုက်မျိုး ရှိသည့်
ဆင်ကို ဆင်သမားများ သတိ
ထားကြရ၏... အဘယ့်ကြောင့်
ဆိုသော်... ထိုဆင်သည်...
အမြဲတမ်း ရန်လို စိတ်ရှိနေ
တတ်သော... ဆင်မျိုး ဖြစ်၏...
ရန်ကြီးအောင်တွင်... မြေကြီးကို ခွာနှင့် ရပ်လိုက်က မြို့လိုက်လှုပ်သောအကျင့်
လည်း...ရှိသေးသည်... ထိုအကျင့်ကို သူကောင်းမြှုပ်ခြင်းဟု ခေါ်သည်... ...
ပြီးဖိုးကို သတ်တတ်သော ဆင်ဆိုးစာရင်းဝင် ဖြစ်၏... ယ... ယ...



တကာယပါလည်း ရှုံ့ကြီးအောင်
သည် အသွင့်အာရေးရလျှင်.. လူတွေ
ကို... တိုက်ခိုက်မည်...ဆင်ဖြစ်သည်
က လူတွေကို မုန်းနေသည်မှာ
ကြာပြီ...
အုံ့ဆိုင်ရဲ့ကောင်းသည်မှာ...
ယခု သူကြီး ဦးခံရွှားနှင့်
ပါလာသည် ဦးစီးသစ်ကလေး
ကိုမှူ မြင်မြင်ချင်း...စိတ်ထဲ
မှာ...ချစ်ခင်သလို ဖြစ်နေ၏...
နောက်ဖတော့ တကာယပါပင်
ယုံကြည်နိုင်ဖွယ်ရာ မရှိ
အောင်... သူနှင့် ဦးစီးသစ်
ကလေးတို့ ခင်မင်သွားကြ
သည်...


ရန်ကြီးအောင် သည် ဦးစီးသမီကလေး
အင်ဂျင်း နှင့် လိုက်ပါသွားပြီး...ချောင်းချောင်း
ရွာရှိ... သူကြီး ဦးစံထွေးထံ... ဆင်တင်းကုပ်တွင်
ငါးနှစ်တာမျှ... နေထိုင်ခဲ့၏ ...
ထိုငါးနှစ်တာကာလအတွင်း အင်ဂျင်းသည် သူ၏ မပြောင်းလဲသော ဦးစီးဖြစ်
သည်... ပြောင်းလဲသွားသည်ကတော့...ရန်ကြီးအောင် ၏ စိတ်ဓါတ် ဖြစ်၏...
သူသည် အင်ဂျင်း နှင့်ပတ်သက်ပြီး... လူတွေကို ခင်မင်စ ပြုလာသည်...


၏ ခြံစီးသည် သူ့အား
ချိန်နှင့်ချီ၍ အချိန်နှင့်
နားပေးသည်~... ~...
ရေချိုးသည် အခါများတွင်
လည်း... စမ်းချောင်းထဲခေါ်
သွား၍... သူကိုယ်တိုင်
ပွတ်တိုက်ပြီး ရေချိုးပေး၏...
နောက်တော့ သူကို ထူးပြင်မခက်
တော့ဘဲ... လွှတ်ပေးထား၏...
နားငြီး အောင် အော်မြည်တတ်
သော... သံခလောက်ကြီးကိုလည်း...
လည်ပင်းမှ ဖြုတ်ပစ်လိုက်သည်...
ဖြိုး..
၁၈၇




ထို့အချိန်မှ စပြီး ရှန်ကြီးခေါင်သည်... ဦးစီးကို အစဉ်ကျေးဇူး တင်သွားလေသည်...ဦးစီးသည် ရှန်ကြီးခေါင်ကို လွတ်လပ်မှု ပေးသော... ပထမဦးဆုံးကျေးဇူး ရှင်လည်း ဖြစ်၏... ...
ဆင်တို့သည် တောတောင်ထဲတွင် သက်တမ်း တစ်ခြေလေးဆယ် ငါးဆယ်... နေကြရသော်လည်း... လူတို့ လက်တွင် နေရသောအခါ... အသက် ထက်ဝက်လျော့သွားကြ၏
အသက် အရှည်ဆုံး အိမ်ဆင် တစ်ကောင်၏ သက်တမ်းသည် အသက်ရှစ်ဆယ် ပတ်ဝန်းကျင်သာ... ဖြစ်၏... ... ...


တစ်ခုသော့ရှိ၏... လူတို့လက်တွင်
နေရသည်ကား... လုံပြီ၏... တော
အနှံ့ရဲယံကင်း၏... သို့သော်
လွတ်လွတ်လပ်လပ် နေထိုင်
သွားလာ လှုပ်ရှားချိကား မရ...
သို့ဆိုစေ ရုန်ကြီးအောင် လူတွေနှင့်...
ပြီးနည်းတော့ နေသားကျသွား၏... ဦးစိုး
လည်း လေးစားခင်မင်လာသည်... ...
၁၈၉
ဤသို့ဖြင့်... ကာလကြာသောအခါ...
သူကြုံတွေ့ခဲ့ရသော အဖြစ်ဆိုးများကို
လည်းကောင်း... သူကျင်လည်ကျက်စား
ခဲ့ရသော ဘဝကိုလည်းကောင်း...
မေ့သွားလေပြီ... ... ...


ဘဝသစ်၌ သူ့မျှော်မှန်း
နေပြည် ဖြစ်ချေ၏.. သူသည်
သစ်ချွဲ သစ်ကိုက်...ဖင်ဖင်
ပန်းပန်း အလှပါများကိုလည်း
အခြားဆင်များလိုက်လှပါရသည်
မဟုတ်ချေ...
သူကြီး မွေးထားသောဆင် ဖြစ်သဖြင့်...
အလှူအတန်းနှင့် ပွဲနေ့ပွဲရက်များတွင်...
အလှူကြီးများသည်... များသောအားဖြင့်...
ရွာအရပ်မှ လူများသည် ရှင်လောင်း
များကို ဆင်များဖြင့် လှည့်လည်ကြ၏...


ထိုအခါမျိုးဆိုလျှင် ဦးစီးသည်
သူ့အား ကကြိုးတန်ဆာများဖြင့်
ဆင်ပေးထားရ၏... ရှန်ကြီးအောင်မှာ
ဝင့်ကြွား လှပနေသည်မှာ... ...
ဦးစီးကလည်း ကောင်ရှည်နှင့်
ဖောင့်ကျက်သရေနှင့်... ယင်းသား
ကစ်ပါးအလား အောက်မေ့ရသည်...
အလှူသဘင်ဖြင့် သူကြီးသမီး
ဒေဝီမိမံ... သူက ပြောင်ချောင်း
ရွာလွှင် ကျွမ်းဝေါင်ကျိုင်လေ...



ရန်ကြီးအောင် ဘဝသည် အရာအားလုံး ပြောင်းလဲလျက်ရှိ၏... အစားကောင်း... အသောက်ကောင်းများလည်း...စားရသောက်ရ သည်... အချုပ်အနှောင် မရှိဘဲ လွတ်လပ် စွာလည်း နေထိုင်ရ၏... ... ...
သည်မှာ ပြဿနာတခု ရှိလာသည်က... တဖြည်း တဖြည်း... မိတ်ဘက်ရှာလိုစိတ်များ... ပြင်းထန်လာခြင်းပင်... ... ...
၁၉၂
ထိုအခါမျိုး၌ပင်လျှင်... ရန်ကြီးအောင် သည် အလိုလိုနေရင်း စိတ်တို နေတတ်၏... လူတွေကို လည်း... ရန်လိုနေမိသည်...



ဗိုဗိုးသဉ္ဇာက... ရန်ကြီးအောင် စိတ်တိုဖြစ်ခဲ့လျှင်... အေးမိစံက လည်း... မထိတထိလာစတတ်၏...
ရန်ကြီးအောင် ဘာဘာလေ့ဖြစ်ချေ... မိန်းမ ပျိုချင်လို့ယာ... ရှက်ပါ တယ်ဟေ့... ကချေ ကချေ...
၁၉၃
ဒါပေမင့်လို လှုပ်လှုပ်လယ်လယ် ဆိုလျှင်... အေးမိစံကို ရန်ကြီးအောင် နင်းချေသတ်လိုက်ပြီ... ယခုသော် အကောင်းပါးသောဦးစီးက... မှန်ရိပ်မြင် သဉ္ဇာနှင့် သူ့ကို ရေးဖြန်ခံတတ်သား သည်။... ... ... ...


မိုး... ရှိကြီးအောင်ကို သွားသွားမစနဲ့ နော်...
ကိုအင်ဂျွန်း ရှင့်ကောင်ကြီးက မိန်းမလိုချင်နေ တာရှင့်...
အေးပါကွာ... ငါသိပါတယ်... ဒီနေ့ သောင်းကျန်းရင် သူ့ အတွက် ဆင်မတစ်ကောင် ဝယ်ပေးမှာပါ...
သနားပါတယ် တကယ်ရှာပေး လိုက်နော်...


နောက်တော့ ဦးစီးသည်
သေးမြစ်ရေ တောင်းတွဲပြီး
ရှန်ကြီးအောင် ပါးစပ်ထဲ
ခွံ့ပေးသည်...
ကြာမီ... ရှန်ကြီးအောင် အိပ်ပျော်
သွားတော့သည်... ဤအဖြစ်မျိုးမှာ
န်ကြီးအောင်... မှုန်ကျလာသည်
ပါတိုင်း... ကြုံရသည့်အဖြစ်များ
ဖြစ်သည်...
ဤသို့ဖြင့် တစ်ခေါင်းကျွန်ပြီး တစ်ခေါင်း
ပြောင်းသွားသည်... သူတို့ အဖော်ရှာပေးမည်
ဆိုသော.. ဆင်မကား ရောက်မလာ...
၁၉၅
ထိုအကြောင်းကို တွေးမိ
တော့... ဆင်ဖြူမလေးကို
ပြန်သတိရလာ၏...




မိဖြူသာ... ရှိသူများနောက်သို့ ပါမသွား လျှင်... သူ၏ ဘဝသည်လည်း... ယခု လို အကျဉ်းကျနေမည် မဟုတ်... ဆင်မုဆိုးများ... ဖာလိုက်ခံရသည့် အဖြစ်ကို... ပြန်သတိရလာပြီး... သွေးညှိနှံ့များကို ရှူရှိုက်ခံစား လာရသည်...
ပြီးတော့... သူတို့ဆင်အုပ် တောင်ခြေရှောက်ထဲ ဝင်ခဲ့ရ သည်... အဖြစ်ဆိုး...
၁၉၆


ရှန်ကြီးအောင်
ဘာတွေစဉ်းစားနေတာ
လဲ... အစာသာရှင်
စားပေါ့...
အကြည်စားသည့်သော အေးမိစံ...ကြံများ
သုံးလေးချောင်း... ရှန်ကြီးအောင်ထံသို့
ပစ်ပေးသည်... ကြံပိုင်းများအတွင်း
ကမြင်းနီကောင်များ... ရှိနေသည်ကို
ရှန်ကြီးအောင် မသိ...
ကမြင်းနီဆိုသောလည်း... အကောင်က မညီးမညီး...
အဆိပ်လည်း အလွန်ပြင်းသည်... ကမြင်းနီကောင်များ
နှာသီးအဖျား ဝင်ကိုက်လျှင်... နှာမောင်းတစ်ခုလုံး ထုံကျဉ်
သွားအောင် နာသည်...


ကျွင်...
ရုတ်တရက်တော့... ရန်ကြီးအောင်သည် နာကျင်လွန်းသဖြင့်... သံကုန်ဟစ် အော်မိသွားလေ၏... ...
ဟား... ဟား...
ဟား... ဟား...
၁၉၇
အေးမိစံက သဘောကျလွန်းသဖြင့်... တဟားဟား ရယ်သည်... ကမြင်းနီကောင်များ ကိုက်ခဲမှုကြောင့်... ရန်ကြီးအောင် နာမောင်းတစ်ခုလုံး သံချောင်းနှင့် ထိုးသလို ခံစားလိုက်ရသဖြင့်... တစ်ခါက.. သံချောင်းတွေ သံကွင်းတွေကို မီးဖုတ်ပြီး... ဖိချခံသည့် လူတွေ၏ ပူလောင်မှုကို သတိရလေသည်... ... ... ...


ရှန်ကြီးအောင် ဒေါသကို... မထိန်းနိုင်တော့ချေ... အေးမိစံကို နှာမောင်းဖြင့်... ဆွဲယူပြီး... မြေကြီးပေါ်... ကိုင်ပေါက်လိုက်၏
ဖြုန်း!
အား... အမေလေး...
အေးမိစံ၏ ရှူးရှူးရှဲရှဲ အော်သံကြောင့်... ပတ်ဝန်းကျင်မှ လူများ ပြေးလာကြ၏... ထိုအချိန်တွင် ရှန်ကြီးအောင်က... အေးမိစံကို... နင်းခြေသတ်လိုက်ပြီ ဖြစ်သည်။ ~... ~... ~... ~...



ဒေါ့မိုးရဲ့ သေသွား
ပြီ... ဆင်ကြီးနင်း
သတ်သွားတယ်...
ချပေါ့...
ဒီကောင်ကြီးကို
တစ်ခါတည်း
သတ်ချ...
အော်သံ ဟစ်သံနှင့်အတူ... ရွာသားများ ပြေးလာ
ကြ၏... တုတ်တွေ ဓါးတွေ... ရှိကြီးအောင်
ကျောပြင်ပေါ် ပလူပျံ ကျလာသည်... ...



အချိန်က ဦးစီး သာယာ
ကျက်နေသည် မသိ...
သားများကို ဟန့်တား
ကြသူ မရှိ ~... ~...
ဖြီးတော့...သူကြီးကိုယ်တိုင်
နှစ်လုံးပြူး သေနတ် ဆွဲပြီး
အိမ်ထဲက ပြေးထွက်လာသည်...
ရှိန်ကြီးအောင် ...တောလွှတ်ရှေ့သို့...
ထွက်ပြေးခဲ့ရ၏... ရွာသားများက...
တရကြမ်း လိုက်သော်လည်း...
သူ့ကို မတွေ့တော့ချေ~... ~...


ဤသို့ဖြင့် ရှိန်ကြီးအောင် ကြိုပြင် တောအုပ်သို့ ရောက်ရှိခဲ့၏... ..
ရွာသားများ ရှိန်မှ လွတ်မြောက်သဖြင့်... ဘေးရန်ကင်းပြီဟု ထင်သော်လည်း... ရှုယ်ရုံကြီး တစ်ကောင်နှင့် ပက်ပင်းတိုးပြီး တိုက်ခိုက်ခြင်း ခံခဲ့ရသည်...
သည်မှာပင် ရှိန်ကြီးအောင် ကံကောင်းခဲ့၏... သူ့ အောင်ပွဲ ဆင်နိုင်ခဲ့သည်... ရှိန်ကြီးအောင်... သူ့ကိုယ်သူပင်... တော်တော် အထင်ကြီးသွားသည်...



ကြောင့် သူသည် လုံခြုံသော နေရာကို
ရှာတော့သည်... ထိုညက ထိုစမ်းချောင်းလေး
နီးမှာပင်... အိပ်ပျော်သွားလေ...
ညရောက်တော့... သူ... ဦးစီးအကြောင်းကို... အိပ်မက်မက်နေသည်...
ရှိန်ကြီးအောင်... ပေါင်ချိတ်... ပေါင်... ပေါင်...



ဘာကြောင့် မှန်းမသိ... ဦးစိုး အသံကို...
ကြားယောင်လာတော့... သူ့အိပ်မပျော်
နိုင်ဘဲ... ပြန်နိုးလာသည်။...
သူ့လည်ပင်းတွင်... အမြဲ
ဆွဲထားရသော... သံခဲလော
ကြီးကို... ဖြုတ်ပေးသူမှာ
သူ့ဦးစိုးပဲ ဖြစ်ပါသည်...
ထူးတန်းလန်း နှင့်... သွားလာနေ
ရသော... ဘဝမျိုးမှ... လွတ်မြောက်
အောင်... ကယ်တင်ခဲ့သူ မှာလည်း
ဦးစိုး အင်ဂျင်း ပင် ဖြစ်၏...



ဖြိုးတော့... အင်ဂျန်း သည်
သူ့ကို အလွန် ဂရုစိုက်ပြီး...
ပင်ပင်ပန်းပန်း လုပ်ကိုင်ရ
သည့် များကိုလည်း... မငြိုငြင်
စေဘဲပေ ... အစားအစာ...
ကောင်းကောင်းမွန်မွန်...ဝဝ
လင်လင် ကျွေးမွေး ပြီး...ရေချိုး
ပေးခြောက်ပင်... ပွတ်သပ်
ရေချိုးပေးလေ့ရှိသည် ...
ထိုကြောင့် ချောင်ချောင်းရွာမှ...
ထွက်ပြေးလာခဲ့ရသည့်တိုင်...
သူ့ဦးစီး အင်ဂျန်း ကိုတော့...
သတိရနေ၏ ... ...
ဂုနိကြီး အောင်
ယောင်ရှုန်...ယောင်
ဟောင်...


အမှန်တော့ ဒိပိမက် မပဲ့ဘူ...
သူ ဦးစီး၏ အသံ ဖြစ်ကြောင်း...
သေချာသည်...သူ ထိုနေရာတွင်
ဆက်နေ၍ မဖြစ်တော့ပေ... ...
ထို့ကြောင့် တောင်ပေါ်တက်ပြီး
ကြိမ်ပိုက်တော တစ်ခုအတွင်းသို့
တိုးဝင် ပုန်းအောင်း နေလိုက်သည်...
ထိုသို့ ပုန်းခိုနေလိုက်သည်မှာ...သူ့ အတွက်...တော်တော် အဆင်ပြေသွား သည်...
နံနက် မိုးလင်းသည်နှင့်... တောင်ပေါ်မှ ဆင်းလာသော... တောဆင်ရိုင်း တစ်အုပ်ကို လှမ်းမြင်လိုက်ရသောကြောင့် ဖြစ်၏...


တောဆင်ရိုင်းအုပ်မှာ... အကောင်နှစ်ဆယ်ပါဝင် ရှိသည်... ဤတော့ ဖိုင်းဆင်ကြီး တစ်ကောင် က... ဦးဆောင်ကွပ်ကဲလာခြင်း ဖြစ်သည်... ရှုံကြီးအောင် တော်တော်ကြီးဝမ်းသာသွား၏...
၂၀၇
မိမိငယ်စဉ်က... ကြီးပြင်း ရှင်သန်ခဲ့ရသည့်... ဆင်အုပ် များလားဟုပင်... ထင်လိုက်မိလေး၏... သို့သော်ဘယ်လို မှ... မဖြစ်နိုင်း သူတို့ခေါင်းဆောင် ဖိုင်းဆင်ကြီးက... တိုက်ပွဲတွင် သေဆုံးခဲ့ပြီးပြီ... ... ...


မည်သို့ဆိုစေ... တောဆင်ရိုင်းများက... သူတို့ အသားတကျကြသည့် လက်ခံလျှင် သူ့သားလေးကား လုံ့ခဲ့သွားပြီ... သူ့အလိုရှိသော...အပေါင်းအသင်း မိတ်ဟောင်းများလည်း... ရှေတော့မည် ဖြစ်၏ ~... ~... သို့နှင့်... တောဆင်အုပ်ကြီး အနီးသို့ ရောက်လာသည်နှင့်... ကြိမ်ပုတ်တောထဲမှ...ကိုယ်ရောင် ထွက်ပြလိုက်လေသည် ~... ~... ~... ~...
ဟွန်း
ရန်ကြီးအောင်၏ အသံကြောင့်... ဆင်အုပ်ကြီး ရပ်တန့်သွား၏... ဟိုင်းဆင်ကြီးက အသံလာရာသို့ လှမ်းကြည့်သည် ~... ~...


ဖိုင်းဆင်များ၏ အကြီးဆုံး ရှိသူမှာ... စွယ်ပိုင်ဆင်များ ဖြစ်သည်... ဒါကို...
ရှိန်ကြီးအောင် မေ့နေသည်... ရှိန်ကြီးအောင် သတိပြုမိတော့... ဆင်အုပ်
ခေါင်းဆောင် ဖိုင်းဆင်ကြီးသည် သူ့အား တိုက်ခိုက်ရန် ပြေးလာနေပြီ...
အသွင်ကြီးမားသော ဆင်ကြီးဖြစ်၏...
နှာမောင်းကြီးကလည်း... ရှိန်ကြီးအောင်
အစွယ်နှစ်ချောင်းကို... အသာလေး
ဆွဲချိုး နိုင်လောက်အောင် အားကောင်း
သည်... ရှိန်ကြီးအောင်လို ဆင်ပေါက်
တစ်ကောင်က ထိုဖိုင်းဆင်ကြီးကို
ဘယ်လိုမှ ရင်ဆိုင်နိုင်စွမ်းမရှိ... ...


ရုန်ကြီးအောင် နောက်ကြောင်း
ပြန်လှည့် ပြေးတော့၏... ...
ဖိုင်းသင်ကြီးကလည်း သူ့နယ်မြေ
အတွင်း... ကျူးကျော်လာသည့်ရန်သူ
ကို... တိုက်ခိုက်ရန်... ဦးနှိုင်းလိုက်က
ပါသွား၏...
ရုန်ကြီးအောင် ပြေးမလွတ်
တော့ချေ...အားကြီးသည့်က
အစွယ်... အစွယ်နှစ်ချောင်း
ကိုသာ ဖိုင်းသင်ကြီးရော၊
လို့ကတော့...တစ်ခါတည်း
သေပွဲဝင်ရန်သာ ရှိတော့၏...


ပြေးရင်းလွှားရင်းနှင့်... တောင်ကုန်းမို့မို့ တစ်ခုကို... မမျှော်လင့်ဘဲ တွေ့လိုက်ရ၏... ထိုတောင်ကုန်း မို့မို့သည်...သူ့အစွယ်ကိုဖွက်ရန်အကောင်းဆုံးနေရာ ဖြစ်၏... ...
ရှိန်ကြီးခေါင်သည် ဆုတ်ဆိုင်း မနေတော့ဘဲ.. ထိုတောင်မို့ကို အစွယ်နှင့် ပြေးဆောင့်ပြီး...အစွယ်နှစ်ချောင်းကို မြေကြီးထဲနှစ် မြှုပ်ထားလိုက်၏... ...


ဒေါသတကြီး ပြေးလာသော
ဖိုင်းဆင်ကြီးသည် ထိုအခြေ
အနေကို မြင်သည်နှင့်...
ရှန်ကြီးအောင်ကို ဘေးလွှဲ့ချင်း
ဝင်တိုက်ပြီး တွန်းထုတ်တော့၏...
ဂျုန်း...
ရှန်ကြီးအောင် ကလည်း သိသည်...
သူ့အစွယ်နှစ်ချောင်း... မြေကြီးမှ
ကျွတ်ထွက်သွားသည်နှင့်...ဖိုင်းဆင်
ကြီး၏ နှာမောင်းအတွင်း...ပါသွားမှာ
သေချာသည်...ထို့ကြောင့်...
ရှန်ကြီးအောင်သည် ရှိသမျှအားကို
စုစည်းပြီး တောင့်ခံထားသည်... ...




ဟိုင်းခဝင်ကြီးသည် ရှန်ကြီးအောင်ကို ဘယ်လိုမှ... ခွဲထွက် တွန်းထွက်၍ မရသောအခါ... အနီးရှိ ကျောက်တုံးများ ကို... ကောက်ယူပြီး... ရှန်ကြီးအောင်၏ ကျောကုန်းကို... တဒုန်းဒုန်းထုတော့ သည်၊...
ရှန်ကြီးအောင် နာကျင် လွန်းသဖြင့်... တကျဉ်ကျဉ် အော်ပြီးတောင့်ခံ နေရရှာ၏...
ဒေါသကြီးနေသော ဟိုင်းကြီးသည် နောက်တော့ သစ်ကိုင်းများကို ချိုး ယူပြီး... ရှန်ကြီးအောင်ကို ရိုက် နှက်ပြန်၏...


ရန်ကြီးအောင် လည်း ကြာတော့ ဒေါသ ပြေလာ၏... ညို့တော် အလွယ် ကို စွန့်နှုတ်ပြီး....တိုက်ခိုက်လိုက် သည်နှင့်... သူ့ရှုံးမှာ သေချာသည်...
နောက်ဆုံးတော့ ဟိုင်းဆင်ကြီးသည် လက်လျှော့ပြီး ထိုနေရာမှ ထွက်ခွာသွားလေသည်...


ဟိန်းသံကြီး မြင်ကွင်းမှ... ပျောက်သွားသောအခါမှ... ရှဉ်ကြီးအောင်သည် သူ့အစွယ်ကို ထောင်ပြီးမှ... နှုတ်ယူလိုက်သည်~... ~... ~... ~...
သူ မဟန်နိုင်တော့ချေ... ခြေထောက်များ တဆတ်ဆတ် တုန်ပြီး လဲကျသွားသည်...


ရှန်ကြီးအောင်... ဟောင်ရော်...ဟောင် ဟောင်...
သူ့ကြိုးစီးဖေါ် အသံကို...ကြားရတော့မှ... ရှန်ကြီးအောင် ပြန်သတိရလာသည်... ...
အမြဲအနေက တော်တော်သိုးသည်... တစ်ခါကျိုယပ်လျှဲ နားကျောင်ကျိုက်ခံနေလေသည်...
ရှန်ကြီးအောင်.... ဟောင်ရော်... ဟောင် ဟောင်...


သူ့သခင်ကြီး၏ အသံက ပြို့နှိုးလာ၏...
သူ့သခင်နောက်... ပြန်လိုက်သွား
ရလျှင် ကောင်းမည်... သူ့သခင်
သည် သူ့အား... အပြစ်မှ ခွင့်
လွှတ်မည့်အပြင်... ဆေးဝါးများ
ကုသပေးမှာ သေချာသည်...
ထို့နှင့် သူ လဲနေရာမှ အားယူ
ထလိုက်သည်... အသံလာရာ
သို့... နှာမောင်းကို မြှောက်ပြီး
အနံ့ခံကြည့်လိုက်သည်... ...


ကြာမီ သူ့ရှိရာဘက်ဆီသို့ လာနေသော.. သူ့သခင်ကို တွေ့လိုက်ရ၏... သို့သော်.. ဦးစီးက တစ်ယောက်တည်း မဟုတ်.. အဖော်နှစ်ယောက်နှင့်...
နောက်မှ လိုက်လာသော အဖော် နှစ်ယောက်ကို.. ရှုန်ကြီးအောင် မသိချေ ပြီးတော့ ထိုနှစ်ယောက် လက်ထဲတွင်.. လည်း... သေနတ်တွေနှင့်...
ရှုန်ကြီးအောင်.. ပေါင်ရှော်... ပေါင်း..ပေါင်..



သူ့သခင် အသံက အဝေးကပြိုဘဲ နားဝင်ချိုသည်...
နှစ်လိုဖွယ် ဖြစ်သည်... သို့သော်... သူ့သခင်
နောက်က... လူနှစ်ယောက်ကို ရှုန်ကြီးအောင်
မပေ့...... ...... ...... ...... ......
သို့နှင့် ရှုန်ကြီးအောင်သည်
တောင်ပေါ်သို့ တက်လာနေသော
လူသုံးယောက်ကို... အချိတ်အတန့်
သာ... လှမ်းမျှော် ကြည့်ပြီး...
ထိုနေရာမှ ထွက်ခွာသွားလေသည်...



သူ့ဒဏ်ရာ တွေ နည်းနည်းတော့ သက်သာသွားပြီ... ပြေးရလွှားရ လွန်းသဖြင့်... အနားယူမည်ကြံကာ ရှိသေး... အသံတွေ ကြားလာရပြန်၏...
အသံတွေက တော်တော်ကျယ်သည်... တောကောင်ကြီးများ သွားလာလှုပ်ရှား သဖြင့်... သစ်ခြေးကျိုးကျသံများလည်း ပါသည်... သူ့နှာမောင်းကို လေထဲမြှောက် ပြီး... ဝဲယာယမ်းလိုက်ရ ရန်သူ၏ အနံ့အသက်ကို ရှူလိုက်သည်....


သို့သော်... ဘယ်လို ရှိသူမှန်း... သူ မခွဲခြားတတ်သေး...သားကောင်ငယ်များ... ပြေးလွှား လှုပ်ရှားသံများကြောင့်... အနံ့အသက်တွေကရော ထွေးနေသည်...
သူ ဝါးရုံတောအစုအတွင်း ဝင်ပြီး အခြေအနေကို စောင့်ကြည့်နေလိုက်၏... မကြာမီ... ရိုး ကျားကြီး တစ်ကောင် ဖြတ်ပြေးသွားသည်ကို သူ မြင်တွေ့လိုက်ရသည်...
၂၂၀
ထိုမြင်ကွင်းကို မြင်သည်နှင့်... ရှိန်ကြီးအောင် ဟည်း ခေါင်းကြီး ပြီး... နားရွက်ထောင်သွားသည်...


တောကောင်ထဲတွင် ရိုးကျားကြီးများပင်... ကြောက်ရွံ့သည့် တိရစ္ဆာန်မှာ အခြားမဟုတ်... တောခွေးအုပ် ဖြစ်သည်... တောခွေးအုပ်ကို ရှိုကြီးအောင်လည်း... ကြောက်သည်...
ဝေါင်း—
ဝုတ်—
ဝုတ်—
ထင်သည့်အတိုင်းပင်... မကြာမီ ခွေးဟောင်သံများ ကြားရပြီး... အကောင်နှစ်ဆယ်... အထိပါဝင်သော... တောခွေးအုပ်သည် ထိုကျားကြီးနောက် လိုက်ပါသွားကြ၏...
ဝုတ်—
ဝုတ်—


ရှုံကြီးအောင် ဝါးရုံတောတွင် ငြိမ်ခြိမ်နေပြီဖြစ်၏... ...
ဝုတ်
ဝုတ်
ဝေါင်...
JJR
ခွေးဟောင်သံများကို ထပ်ကြားရပြန်သည်... ထိုအသံများက... စောစောက အသံ တွေထက်... ကျယ်လောင်များပြား သည်... အနည်းဆုံး ကောင်ရေ... တစ်ရာ တစ်ရာ့ငါးဆယ်ခန့် ပါဝင်သော... တောခွေးအုပ် ဖြစ်မည်... ... ...


အသံတွေ နီးလာပြီး ခဏကြာတော့... ရပ်သွားတော့သည်။ ... ...
အသံတွေ ရပ်သွားသလို... ခွေးအုပ်ကြီးသည်... တစ်စုံတစ်ခု အနံ့ရသလို ဝါးရုံတောနှင့်... မနီးမဝေးတွင်...ရပ်တန့်နေကြလေ၏... ...
သူတို့ ရန်ကြီးအောင် ရှိရာ ဝါးရုံဆီသို့ လှမ်းမျှော်ကြည့်နေကြသည်။... ... ...
၂၂၆



သေချာပါသည် သူတို့ သားကောင်၏ အနံ့ကို ရသွားလေပြီ—....
ရှတ်—
မကြာမီပင်...တောခွေး လေးငါးဆယ်ကောင် ဝါးရုံဆီသို့ ပြေးလာကြ၏—...
ရှတ်—
၂၂၇
အခြေအနေက သိပ်မကောင်းပေ... ရှိန်ကြီးအောင် ဝါးရုံကို ကျော်ပေး ပြီး... နေရာယူထားလိုက်ရ၏—...


ဝေါင်း...
ခေါင်းဆောင် တောခွေးကြီးက...
ရှန်ကြီး အောင်ထံ ခုန်ဝင်လိုက်ရာ...
ရှန်ကြီး အောင်က နှာမောင်းဖြင့်
ရိုက်ချလိုက်သည်...


အမှန်ကတော့... ခေါင်းဆောင် ကျသွားလျှင်... နောက်လိုက်တွေ ပြေးဖို့ကောင်းသည်... သို့သော် တောခွေးအုပ်သည် ထွက်ပြေး မသွားဘဲ... ရှန်ကြီးအောင် ကို ဝိုင်းဝန်း တိုက်ခိုက် ကြတော့၏...
ဝုတ်...
ဝုတ်...
ဝေါင်း...
တစ်တော တစ်တောင်လုံး ဟိန်းသံ ဟောက်သံများဖြင့်... ဆူညံနေသည်...


ရှန်ကြီးအောင်သည် တောခွေးများကို
နှာမောင်းနှင့် ကျုံးပေါက်လိုက်...
အစွယ်နှင့် ထိုးသတ်လိုက်... တိုက်ခိုက်
နေသော်လည်း... တောခွေးအုပ်သည်
လျော့ပါးသွားသည်ဟူ၍ မရှိချေ...
တောခွေးများ ပို၍ပို၍ များလာနေ
သည်ကို-ရှန်ကြီးအောင် မြင်တွေ့နေရ၏...
သူ၏ ကိုယ်ခန္ဓာ အနှံ့အပြားတွင်
လည်း... ဒဏ်ရာများ ရရှိထားသည်
နောက် ခြေထောက် တစ်ချောင်း
ကလည်း ကောင်းကောင်းမထောက်
နိုင်တော့... ... ...


တခါဒီလွင်ပြင်မှာ... တောခွေး
နှစ်ကောင်... ရှင်ကြီးအောင်
ကျောပေါ်သို့ ခုန်တက်ပြီး...
အကျင့်ယုတ်တော့၏...
သူတို့၏ ကျင်ငယ်ရေများ
ရှင်ကြီးအောင် မျက်စိထဲ ဝင်ရောက်
သွားသည်နှင့်... ရှင်ကြီးအောင်...
ထိတ်လန့်တကြားအော်မြည်သွား၏...
၂၂၉
အခြေအနေ မှန်သမျှကိုလည်း
ရှင်ကြီးအောင် ကောင်းကောင်း
မမြင်ရတော့ချေ...


ဆင်ကန်းကြီး တောခွေးအုပ်ကို... စိတ်မွန်းနှင့် တိုက်ခိုက်နေရှာ၏...
ဖြောင်း
ဆင်ကြီး မျက်စိကန်းသွားပြီဖြစ်၍... တောခွေးများ ရန်နှင့်ရှိ၍ ချောက်လာကြသော်၏...
ဂုနီကြီးဘောင်အဖို့ က်ကောင်းသည်က..
သေနတ်သံများ ကြားလိုက်ရပြီး... တောခွေးအုပ် ကစဉ့်ကလျားဖြစ် သွားတော့၏...
ဂိန်း
ဂိန်း


မကြာမီမှာပင် တောခွေးများ လွှတ်ပြေးကြတော့၏... ...
ရန်ကြီးအောင်လည်း တောခွေးများ...ရန်မှ...လွတ်သွားသဖြင့်...စိတ်အေးသွားရသည်... ...


သို့သော်... ကံဆိုးချင်တော့... ဒဏ်ရာ
ရထားသော... ရှေ့ခြေတစ်ဘက်က...
ချိုင့်တစ်ခုအတွင်း ကျွံကျသွားလေ
ရာ...သူ၏ ခန္ဓာကိုယ်ကြီးသည် လျှို
တစ်ခုအတွင်း လိမ့်ကျသွားတော့၏...
ရုန်ကြီးအောင်၏ ထိတ်လန့်တကြား
အော်ဟစ်သံက ပန်းကျောင်အနှံ့ ပဲ့တင်ထပ်
သွားလေသည်... ခဏကြာတော့... တော
တောင်... တစ်ခုလုံး... တိတ်ဆိတ် ငြိမ်
သက်သွားသည် ~... ~... ~...


ဘင်ဂျွန်း တို့အဖွဲ့သည် သုံးရက်လုံးလုံး…ရှိန်ကြီးအောင် ကို… လိုက်လံ ရှာဖွေသော်လည်း… ခြေရာပင် မတွေ့ရတော့…
ကိုဘင်ဂျွန်း ရေ… ခင်ဗျားအကောင်ကြီး သူ့လောက်ဆို တောခွေးစာ ဖြစ်သွားပါပြီ…ကျုပ်တို့ ပြန်ကြပါစို့…
အေးဗျာ… မျှော်လင့်ချက်တော့ မရှိတော့ပါဘူး…ဒါပေမဲ့… ဒီနေ့တစ်နေ့တော့ ကျုပ် ကို… ကူညီကြပါ ဦးဗျာ…


လမင်းဖြူ မှုန်ပြီး နှင်းမြူယောက်ကြ အားပျော့စပြု
လာသဖြင့်... အင်ဂျင်း က တားထားပြီး...
သက်လောက် ရှာဖွေကြ ပြန်သည်......
ရန့်ကြီးအောင်...
ဟောင်ရောက်... ဟောင်
ဟောင်... ဟောင်...
သို့သော် ညနေစောင်းသွား
သည့်တိုင်... ရန့်ကြီးအောင် ၏
အရိပ်အယောင်ကို မမြင်ရချေ...
၂၃၆


ထောက်ခဲ့တော့ ဒင်ဂျုန်း
ကိုယ်တိုင်ပင်... စိတ်ပျက်
အားလျော့မှုကား... ရွာသို့ပြန်
ရန်... ဆုံးဖြတ်လိုက်ပါ၏...
ထိုညက တစ္ဆေခြောက်စခန်းတွင်
ညအိပ်ကြရ၏... အိပ်မပျော်နိုင်
ဘဲ... မီးဖိုတွင် ထိုင်၍... စကားပြော
နေကြသည်... ~... ~...
ထိုစခန်းကား တစ္ဆေခြောက်သည်
ဟူ... နာမည်ကြီးသဖြင့်... တစ္ဆေ
ခြောက်စခန်းဟူ နာမည်ကြီး
နေခြင်း ဖြစ်သည်... ~...


ဘင်ဂျင်း က..., တစ္ဆေတွေ သရဲတွေကို မယုံ.. လမ်းပြ မုဆိုး နှစ်ယောက်ကတော့... တစ္ဆေဆိုး အကြောင်း...သိပြီးဖြစ်သဖြင့် ကြောက်နေကြသည်..
ခင်ဗျားတို့ကြောက် တတ်ရင်...သေနတ်ကိုင် ပြီး...ထိုင်စောင့်နေကြ ဗျာ.. ကျုပ်တော့ အိပ်တော့ မယ်ပါ...
ခင်ဗျားကို လာဆွဲချသွားရင် ကျုပ်တို့ကို အဆိုး မဆိုနဲ့နော်...


ဆွဲစမ်းပါ စေဗျာ...


ခင်ဂျွန်း အိပ်ကောင်းကောင်းနှင့် အိပ်ပျော်သွားရာ...ဘယ်လောက်ကြာ သွားသည်ကို မသိချေ...
ဒိုင်း...
ဒိုင်း...
နောက်တော့ သေနတ်သံနှစ်ချက် ကြားရပြီး... လန့်နိုးလာသည်...
ဘာဖြစ် တာလဲဗျ...
တစ္ဆေဗျ... တစ္ဆေ...
မဟုတ် တာဗျာ...


တကယ်ပါ ပြောတာမှူ... မည်းမည်း ကောင်ကြီး ကျုပ်တို့ စခန်းထဲဝင် လာတာနဲ့ ဖမ်းဆွဲလိုက် တာ... ဟော... ဟိုမှာ...
ဟုတ်တယ်... ဟိုမှာ...ဟိုမှာ...
အနားသို့ တိုးကြည့်လိုက်ကြသော... သုံးယောက်စလုံး မျက်လုံးပြူးသွား ကြလေ...
ဟင်...
ဟာ...


သူတို့ တအံ့တသြ တွေ့လိုက်ရသည်ကား...
သူတို့ သိပ်တွေ့ချင်နေသော ရန်ကြီးအောင်
ဖြစ်နေပါတော့သည် တကား~... ~... ~...




* ထုတ်ဝေသူ
ဦးမောင်မျိုး (၃၄၇၆)
ကြောင်လေးလစဉ်

* ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

* ပထမအကြိမ် - ၂၀၁၂ ခုနှစ် ဧပြီလ
အုပ်ရေ - ၅၀၀၊ တန်ဖိုး (၃၀) ကျပ်

--- --- --- --- --- --- --- --- ---

စီစဉ်သူ
မောင်မျိုး (ကြောင်နှစ်ကောင်စာပေ)